Myanmar Centre for Responsible Business

# ဘက်ပေါင်းစုံမှ ပတ်သက်ဆက်နွယ်သူများပါဝင်သော "စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများအတွက် ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် တာဝန်ယူမှုရှိသောစီးပွားရေး အလေ့အကျင့်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"

**၉ - ၁၀ မတ်လ ၂၀၁၉**

**Glorious Monywa Hotel (လယ်တီလမ်း၊ ဗိုလ်ချုပ်လမ်းမကြီး၊ ဒေါနခြံရပ်ကွက်)၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**

## ယူဆချက်အမြင်များ (Concept Note) နှင့် အစီအစဉ်မူကြမ်း

မြန်မာနိုင်ငံ၏ ၂၀၁၈ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် အစိုးရ၏လုပ်ဆောင်ချက်အမှတ် ၅.၅.၃ တွင် သတ်မှတ်ဖော်ပြထားသည်မှာ " **ပြည်သူများ၏ လူမှုဘဝနှင့် အစိုးရ၏ အခွန်ဘဏ္ဍာများ အပေါ် ကောင်းမွန်သော အထောက်အပံ့ ရရှိစေပြီး ရေရှည်တည်တံ့၍ အကျိုးအမြတ်ရှိစေရန် တွင်းထွက်သတ္တုကဏ္ဍ၏ လုပ်ငန်း သဘာဝကို ပြုပြင်ပြောင်းလဲခြင်း"** ဖြစ်ပါသည်။

အကြီးစား၊ အသေးစား၊ လက်လုပ်လက်စား စသည့်ပုံစံများရှိသည့် မြန်မာနိုင်ငံ၏သတ္တုတွင်းကဏ္ဍတွင် လက်ရှိအခြေအနေမှာ သိသာသော အနုတ်လက္ခဏာဆောင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေး ထိခိုက်မှုများဖြင့် ဆက်စပ်နေပါသည်။ ထိုကဲ့သို့ အချက်အလက်များနှင့် ပတ်သက်ပြီး မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနမှ ၂၀၁၈ မတ်လတွင်ထုတ်ဝေခဲ့သော မြန်မာနိုင်ငံ၏ သတ္တုတွင်းကဏ္ဍ၌ ခဲမဖြူ၊ရွှေနှင့် ထုံးကျောက်များအပေါ် ကဏ္ဍအလိုက်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း များတွင် ဖော်ပြထားပါသည်။ ထိုကဏ္ဍအလိုက်လေ့လာမှု ဆန်းစစ်ခြင်း ထဲတွင် ရွှေသတ္တုလုပ်ငန်းများအတွက် ကွင်းဆင်းလေ့လာခဲ့သော နေရာများတွင် ဖန်းမောက်၊ ကောလင်း၊ ဟုမ္မလင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် ကွင်းဆင်းလေ့လာ မှုများ ပြုလုပ်ခဲ့ကြပါသည်။ ထိုလေ့လာချက်များအပေါ် အခြေခံပြီး အစိုးရ၊ ကုမ္ပဏီနှင့် တာဝန်ယူမှုရှိသော သတ္တုတွင်းလုပ်ငန်း အလေ့အထများတိုးတက်လာစေရန် ရည်ရွယ်ပြီး ဆက်စပ်သော ပတ်သက်ဆက်နွယ်သူများကိုလည်း အကြံပြုချက်များ ပေးခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် အကြီးစား၊ အလတ်စား၊ အသေးစား၊ လက်လုပ်လက်စား စသည့် ရွှေသတ္တုလုပ်ငန်းများအတွက် ကြီးမားသော အလားအလာရှိသည့် နေရာတစ်ခုလည်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းခဲ့သော မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်အရ အသေးစားနှင့် လက်လုပ်လက်စား လုပ်ကိုင်သူများအတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအဆင့်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနထံက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ရွှေ၊ ငွေ၊ ခဲ၊ သွပ်၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ မင်းဂနီးစ် နှင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များအတွက် ခွင့်ပြုမိန့် ထုတ်ပေးခြင်း ကို ဆောင်ရွက်ခွင့်ပြုထားပြီး ပြည်ထောင်စုအစိုးရအနေဖြင့် ကန့်သတ်ထားသော သတ္တုများဖြစ်သော (ကြေးနီ၊ နီကယ်၊ တိုက်တေနီယမ်၊ ယူရေနီယမ်၊ သွပ်နှင့် အခြားသော ရှားပါးသတ္တုများအပါအဝင် ဂရက်ဖိုက် နှင့် ဇင့်ကာဗွန်နိတ်) အစရှိသော ကျောက်များ အတွက်သာလျှင် တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာ့သတ္တုတွင်းနည်းဥပဒေတွင် အသေးစားနှင့် လက်လုပ်လက်စား သတ္တုလုပ်ငန်းခွင့်ပြုမိန့်များကို အရွယ်အစား အားဖြင့် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။

**လက်လုပ်လက်စားလုပ်ကွက်**

- ရွှေနှင့် အခြားအဖိုးတန် သတ္တုဖြစ်လျှင်- ၁ ဧက အောက်၊ အခြားသတ္တုများဖြစ်လျှင် - ၃ ဧက အောက်၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းဖြစ်လျှင်- ၅ ဧကအောက်

**အသေးစားလုပ်ကွက်**

- ရွှေနှင့် အခြားအဖိုးတန် သတ္တုဖြစ်လျှင်- ၄ ဧက အောက်၊ အခြားသတ္တုများဖြစ်လျှင် - ၁၀ ဧက အောက်၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းဖြစ်လျှင်- ၂၀ ဧကအောက်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆင့်တွင် ထိုသတ္တုကဏ္ဍမှ လိုင်စင်ကြေး၊ မြေငှားရမ်းခ၊ royalties ကြေးငွေများကို စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းများကို ပြုလုပ်နိုင်ပါသည်။ အဆိုပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ အသေးစား သို့မဟုတ် လက်လုပ်လက်စားသတ္တုလုပ်ငန်းများဆိုင်ရာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ ဥက္ကဋ္ဌမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ဝန်ကြီးဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူး အဆင့်ရှိသူများအပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ခံရသူတို့ပါဝင်ပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ သတ္တုဦးစီးဌာနသည်လည်း ကော်မတီ၏ အတွင်းရေးမှူးအဖြစ် လုပ်ဆောင်ရပါမည်။

သို့သော် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်တွင် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ပြည်ထောင်စုအဆင့်မှ အကြီးစားနှင့် အလတ်စားသတ္တုလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် လုပ်ကွက်များထပ်နေနိုင်သည့်

ပြဿနာများကို ဦးစွာ မည်သို့ ဖြေရှင်းမည်ကို ရှင်းလင်းစွာလုပ်ဆောင်ထားခြင်းမရှိခဲ့ဘဲ ဤနည်းဥပဒေအား ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် လုပ်ကွက်များထပ်နေခြင်းများကို ရှောင်ကြဉ်ရန် ကူညီဖြေရှင်းပေးနိုင်သော သတ္တုလုပ်ကွက်ပြမြေပုံတည်ဆောက်ခြင်း (mining cadaster) မှာလည်း ယခုထိတိုင် အသုံးပြုနိုင်သေးခြင်း မရှိသေးပါ။

ထို့နောက် မြန်မာနိုင်ငံ၏ အသေးစားနှင့် လက်လုပ်လက်စားသတ္တုကဏ္ဍ (ASM) သည် သိသာထင်ရှားသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများနှင့် ဆက်စပ်မှုရှိနေပြီး (မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၊ MCRB မှ လေ့လာထားသော သတ္တုတွင်းကဏ္ဍ၏ သက်ရောက်မှုများ အား လေ့လာဆန်းစစ်ခြင်း-၂၀၁၈ ကို ကြည့်ရန်) ၎င်းတို့ကို ၂၀၁၈ သတ္တုတွင်းနည်းဥပဒေတွင် ထိရောက်စွာ ဖြေရှင်းနိုင်ခြင်းမရှိသော်လည်း တရားဝင်ဖြစ်လာရန်အတွက်မူ အထောက်အကူပြုပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၌ ခွင့်ပြုမိန့်ချထားပေးရာတွင် ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်များဖြင့် အခိုင်အမာ ဆောင်ရွက်မှုရှိစေရန် တိကျရှင်းလင်းသော လုပ်ထုံးလုပ်နည်းများလည်း မရှိသေးပါ။

အချို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဤကဲ့သို့သောဥပဒေရေးရာတိကျရှင်းလင်းမှုများ အားနည်းခြင်းများ ရှိနေခြင်းကြောင့် ပြဿနာများ ဖြစ်ပွားလာနိုင်ခြေကို ဦးတည်နေပါသည်။ အထူးသဖြင့် စစ်ကိုင်းတိုင်း ဒေသကြီးတွင်ဖြစ်ပါသည်။ အကြီးစား ဓာတ်သတ္တု ရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းအတွက် ခွင့်ပြုမိန့် ရရှိထားသောနေရာများတွင် အသေးစားနှင့် လက်လုပ်လက်စားသတ္တုလုပ်ငန်းလုပ်ကိုင်သူများကလည်း တူးဖော်ရေးများလုပ်ဆောင်ရန် စိတ်ဝင်စားမှုရှိနေသည့် ကိစ္စရပ်များ ရှိနေပါသည်။ အသေးစားနှင့် လက်လုပ်လက်စားများအတွက် ဇုန်နေရာများသတ်မှတ်ခြင်းကို ဖြေရှင်းမှုတစ်ခုနေဖြင့် ဆောင်ရွက်ခဲ့သော်လည်း ၎င်းတို့၏ ဖြစ်နိုင်ခြေရှိသော နည်းလမ်းများဖြင့် ပြဿနာများကို ဖြေရှင်းမှုများကလည်း ရှင်းလင်းသေချာမှုများ မရှိသေးပါ။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့/လွှတ်တော်သည်လည်း သတ္တုကဏ္ဍဆိုင်ရာအတွက် ဥပဒေရေးဆွဲရန် စိတ်ဝင်စားမှု ရှိနေကြပါသည်။ သို့သော် ၎င်းပြဿနာများကို စည်းမျဉ်းမူဘောင်အတွင်းမှ ထိရောက်စွာဖြေရှင်းနိုင်ရန် ကြိုးပမ်း နေသည့်အတွက် ဆွေးနွေးပွဲတွင်ပါဝင်သော ပတ်သက်ဆက်နွယ်သူများ၏အမြင်များကို ကြားသိ၍ သဘောပေါက် နားလည်စေခြင်းမှာ အရေးကြီးပါသည်။ ထို့ကြောင့် MCRB မှ တာဝန်ယူမှုရှိသော ရွှေသတ္တုလုပ်ငန်းများ စီမံခန့်ခွဲခြင်းနှင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို အဓိကထားဆွေးနွေးရန် ရည်ရွယ်၍ ဘက်ပေါင်းစုံမှ ပတ်သက်ဆက်နွယ်သူများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့တွင် ပြုလုပ်ရန်အကြံပြုတင် ပြခဲ့ပါသည်။ ထိုကြောင့် အလုပ်ရုံဆွေးနွေးပွဲကို (၂၀၁၉ ခုနှစ်၊ မတ်ချ်လ ၉ ရက်နှင့် ၁၀ ရက်တွင် တစ်ရက်ခွဲ သို့မဟုတ် ၂ ရက်) ကျင်းပမည်ဖြစ်ပြီး အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**ရည်ရွယ်ချက်များ-**

- ပတ်သက်ဆက်နွယ်သူများအားလုံး အောက်ဖော်ပြပါ အခြေခံသဘောတရားများကို နားလည်အောင် ထောက်ပံ့ပေးရန်-
    - မြန်မာ့သတ္တုတွင်းဆိုင်ရာ မူဝါဒများ၊ ဥပဒေ မူဘောင်များ အပါအဝင် ခွင့်ပြုမိန့်များထုတ်ပေးရာတွင် ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချခြင်းများ
    - သတ္တုလုပ်ငန်းအကြီးစား၊ အသေးစားနှင့် လက်လုပ်လက်စား သတ္တုလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်ပုံအဆင့်ဆင့် (ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆောင်လုပ်ရေးအချိန်၊ ထုတ်လုပ်ခြင်း၊ သတ္တုတွင်းပိတ်သိမ်းခြင်း) သဘောတရားများ
    - နိုင်ငံတကာ၏ အတွေ့အကြုံများအပေါ် အခြေခံကာ လက်လုပ်လက်စားသတ္တုလုပ်ကိုင်သူများအတွက် ဖုန်နေရာများ သတ်မှတ်ခြင်းဆိုင်ရာများ

- အောက်ဖော်ပြပါ အချက်အလက်များကို ဆွေးနွေးခြင်း
    - စစ်ကိုင်းတိုင်းဒေသကြီးရှိ သတ္တုတွင်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများနှင့် ၎င်းပြဿနာများကို နိုင်ငံတကာအတွေ့အကြုံများအပေါ် အခြေခံရယူ၍ မည်သို့ အသုံးပြု ဖြေရှင်းသင့်ကြောင်းဆွေးနွေးခြင်း
    - အကြီးစားရွှေသတ္တုလုပ်ငန်းမျာ (LSM) နှင့် လက်လုပ်လက်စားသတ္တုလုပ်ငန်းများ (ASM) အတွက် လက်ရှိတွင် ခွင့်ပြုမိန့်ထုတ်ပေးနေခြင်းနှင့် ၎င်းတို့ အတူတကွ ပူးတွဲတည်ရှိနေနိုင်သည့် အလားလား များအပါအဝင် ပြဿနာများကို မည်သို့ ဖြေရှင်းသင့်ကြောင်းနှင့် ဤကိစ္စရပ်များကို အဆင်ပြေပြေ ဖြေရှင်းနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရန်လိုအပ်သည့် ဥပဒေနှင့် အခြားလုပ်ဆောင်ရန် လိုအပ်ချက်များကို ဆွေးနွေးခြင်း
    - ပြည်ထောင်စုအဆင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအဆင့်တွင် နောက်ထပ်လုပ်ဆောင်မည့် ခြေလှမ်းများနှင့် လုပ်ဆောင်မည့် action များကို သတ်မှတ်ခြင်း

အလုပ်ရုံဆွေးနွေးပွဲတွင် တစ်ပြိုင်နက်တည်း ဘာသာပြန်ပေးခြင်း (အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ်) ကို လုပ်ဆောင်ပေးသွားပါမည်။ တက်ရောက်ရန်မျှော်မှန်း ဦးရေမှာ (ပျမ်းမျှ ၅၀ မှ ၆၀) အထိဖြစ်ပြီး ဖိတ်ကြားမည့်သူများထဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ အစိုးရဌာနများ ( သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ-သတ္တုတွင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့်ပတ်ဂန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လွှတ်တော်အမတ်များနှင့် အကြီးစား၊ လက်လုပ်လက်စားသတ္တုလုပ်ငန်းများ၊ အရပ်ဖက်

အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပါဝင်ပါမည်။

| ပထမနေ့ (၉ ရက် မတ်လ ၂၀၁၉) | | |
|---|---|---|
| ၈း၃၀ | စာရင်းသွင်းမှတ်တမ်းတင်ခြင်း | |
| ၉း၀၀-၉း၁၅ | အလုပ်ရုံဆွေးနွေးပွဲမှ ကြိုဆိုကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းပြခြင်း | မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှု ရှိရေးအထောက်အကူပြုဌာန (MCRB) |
| ၉း၁၅-၉း၃၀ | အဖွင့်အမှာစကားပြောကြားခြင်း | ဦးမြင့်ဦး-ဥက္ကဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ စစ်ကိုင်းတိုင်းဒေသ[ ]ကြီးလွှတ်တော် |
| ၉း၃၀-၁၀း၃၀ | ဥပဒေရေးရာမူဘောင်နှင့် မူဝါဒများရှိ ခွင့်ပြုမိန့်လျှောက်ထားခြင်း ဆိုင်ရာနှင့်ပတ်သက်သည့် ဗဟိုချုပ်ကိုင်မှုစနစ်လျော့ချထားခြင်းနှင့် လက်ရှိ အသေးစားနှင့် လက်လုပ်လက်စား သတ္တုလုပ်ငန်းဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးခြင်းများအတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်ကြားတွင် ပူးပေါင်းလုပ်ဆောင်နေမှုများ<br><br>စစ်ကိုင်းတိုင်းဒေသကြီးလုပ်ကွက်စီစစ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ<br><br>ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ဖုံများသတ်မှတ်ခြင်းနှင့် ဗဟိုချုပ်ကိုင်မှုစနစ်လျော့ချခြင်းများနှင့်ပတ်သက်သည့် ပေါ်ပေါက်လာသည့် ပြဿနာရပ်များ<br>**အမေးအဖြေကဏ္ဍ** | ဦးတင်ထွန်းဝင်း၊ ညွှန်ကြားရေးမှူး သတ္တုဦးစီးဌာန (နေပြည်တော်)<br><br>ဦးအောင်နိုင်၊ ညွှန်ကြားရေးမှူး၊ သတ္တုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး။ အတွင်းရေးမှူး၊ လုပ်ကွက်စီစစ်ရေးအဖွဲ့။<br><br>Sebastian Sahla၊ NRGI |

| | | |
|---|---|---|
| ၁၀း၃၀-၁၁း၀၀ | **လဖက်ရည်သောက်နားချိန်** | |
| ၁၁း၀၀-၁၁း၁၅ | Polling Question | MCRB မှ ကူညီပံ့ပိုးပေးပါမည်။ |
| ၁၁း၁၅-၁၂း၁၅ | မြန်မာနိုင်ငံအတွင်းရှိ ရွှေသတ္တုလုပ်ငန်းများဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပြဿနာများ - ( သတ္တုတွင်လုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း၏ တွေ့ရှိချက်များ)<br><br>သတ္တုတွင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)<br><br>**အမေး၊ အဖြေ ကဏ္ဍ** | အောင်ကျော်စိုး၊ MCRB<br><br>ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန |
| ၁၂း၁၅-၁၃း၁၅ | **နေ့လည်စာ စားချိန်** | |
| ၁၃း၁၅-၁၄း၄၅ | ကုမ္ပဏီ နှင့် အသေးစား/ လက်လုပ်လက်စား လုပ်ကိုင်သူများ၏ အမြင်များ-<br>• အကြီးစားသတ္တုလုပ်ငန်းများ နှင့် သတ္တုလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှုအဆင့်ဆင့်<br>• အသေးစားသတ္တုလုပ်ငန်းများ<br>• အသေးစားနှင့်လက်လုပ်လက်စား လုပ်ကိုင်သူများ၏ အမြင်များ<br>**အမေးအဖြေကဏ္ဍ** | Geoff Lowe, Valentis<br><br>ဦးစိန်သန်း၊ ဟုမ္မလင်းမြို့နယ်။ (အသေးစားသတ္တုလုပ်ငန်းရှင်) |
| ၁၄း၄၅-၁၅း၃၀ | အဖွဲ့အလိုက် လုပ်ဆောင်မှုများ (ပတ်သက်ဆက်နွယ်သူ အစုအဖွဲ့များနှင့်) ပြည်ထောင်စုအဆင့်၊ စစ်ကိုင်းတိုင်းဒေသကြီးအဆင့်နှင့် ဒေသ/စီမံကိန်းအဆင့်အသီးသီးတို့တွင် ဖြေရှင်းရန်လိုအပ်သည့် အကြောင်းကိစ္စရပ်များ | လွှတ်တော်အမတ်၊ အစိုးရ၊ ကုမ္ပဏီများ၊ (အသေးစားနှင့်လက်လုပ်လက်စားလုပ်ငန်းများ၊ အကြီးစားသတ္တုလုပ်ငန်းများ)၊ အရပ်ဖက်အဖွဲ့အစည်းများ။ |
| ၁၅း၃၀-၁၅း၄၅ | **လက်ဖက်ရည်သောက်နားချိန်** | |

| | | |
|---|---|---|
| ၁၅း၄၅-၁၆း၄၅ | **Feedback and discussion** | MCRB မှ ပံ့ပိုးကူညီပေးပါမည်။ |
| | | |
| ဒုတိယနေ့ (၁၀ ရက်၊ မတ်လ၊ ၂၀၁၉) | | |
| ၉း၀၀ | ပထမနေ့မှ အကြောင်းအရာများကို ပြန်လည်ဆွေးနွေးခြင်း | |
| ၉း၁၅-၁၀း၃၅ | လေ့လာခြင်း၊ အစီအစဉ်များနှင့် စံချိန်စံနှုန်းများ-<br>• State of Artisanal Mining in Myanmar အစီရင်ခံစာဆိုင်ရာ အကြောင်းအရာများ<br>• စင်္ကာပူအမျိုးသားတက္ကသိုလ် (NUS) မှ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြဒါးသုံးစွဲမှုနှင့် ရွှေသတ္တုလုပ်ငန်းများအကြောင်း ပြုစုထားသည့် သုတေသနအကြောင်း<br>• လက်လုပ်လက်စားသတ္တုလုပ်ငန်းများနှင့် ပတ်သက်သော တင်ပြချက်များ<br>• မြန်မာနိုင်ငံရှိ ရွှေသတ္တုလုပ်ငန်းနှင့်ဆက်စပ်သော ပဏာမလုပ်ဆောင်ချက်များနှင့် နိုင်ငံတကာ စံနှုန်းများ။ (ဆန္ဒအလျောက်လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ (VPSHR) နှင့် IGF)<br>**အမေးအဖြေကဏ္ဍ** | Pact Myanmar<br><br>National University of Singapore<br><br>David Allan<br><br>Vicky Bowman၊ MCRB |
| ၁၀း၃၅-၁၁း၀၀ | **လက်ဖက်ရည်သောက် အနားယူချိန်** | |

| | | |
|---|---|---|
| ၁၁း၀၀-၁၂း၃၀ | လုပ်ဆောင်မည့် အစီအစဉ်များ ရေးဆွဲခြင်းနှင့် ဆွေးနွေးခြင်း | |
| ၁၂း၃၀-၁း၃၀ | **နေ့လည်စာ စားသုံးချိန်** | |